ပျဉ်းပင်စမ်းကျေးရွာ
ကျောက်ပန်းတောင်းကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း
## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ပျဉ်းပင်စမ်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၂၂/၂၃ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ပျဉ်းပင်စမ်းကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေး လုပ်ငန်းများကို ယခင်ကာလ များကစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြ ရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေး ပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ပျဉ်းပင်စမ်းကျေးရွာ

မင်းလှမြို့နယ်

# သယံဇာတပြမြေပုံ



# ရာသီခွင်ပြ ပြက္ခဒိန်



# <u>အဖွဲ့အစည်းများပြပုံ</u>



ကျောက်ပန်းတောင်းကျေးရွာအုပ်စု၊ ဗျဉ်းပင်စမ်းကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့များပြပုံ
၁။ အုပ်ချုပ်ရေး အဖွဲ့
၂။ ရပ်မိ/ရပ်ဖ အဖွဲ့
၃။ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ
၄။ လမ်းကော်မတီ
၅။ ကျောင်းအကျိုးတော်ဆောင်
၆။ ဂေါပက
၇။ ဝတ်ရွတ်အသင်း
၈။ အမျိုးသမီးရေးရာ
၉။ မိခင် နှင့်ကလေး
၁၀။ လူငယ်အဖွဲ့အစည်း
၁၁။ အရံ မီးသတ်

၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ပျဉ်းပင်စမ်းကျေးရွာသည် ကျောက်ပန်းတောင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၃၉)မိုင် အကွာတွင်ရှိသည်။ သရက်–မင်းလှ ကားလမ်းမကြီးအမှ(၁)မိုင်နှင့် (၄)ဖာလုံအကွာတွင် တည်ရှိ သည်။ ကျေးရွာ၏ မြေအနေအထားမှာ စတုရန်းပုံရှိပြီး ရွာအနောက်မြောက်ဘက်၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် လယ်ယာမြေများရှိသည်။ ရွာ၏မြောက်ဘက်တွင် တောင်ကုန်း တောင်တန်းများနှင့် ရှိသောကြောင့် မြေပြင်အနေအထား မှာညီညာမှုမရှိပါ။ ရွာ၏ အနောက်ဘက်တွင် လယ်၊ယာမြေများသာ ရှိပါသည်။မိုးရာသီတွင် ကျေးရွာတွင်းရှိလမ်းများမှာ ရွံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။ အဓိကအားထားရသော စိုက်ပျိုးရေး သီးနှံများမှာ မြေပဲ၊နှမ်း ၊ဝါ၊ပြောင်း၊ ပဲကြီး၊ ကုလားပဲ၊ မိုးရေသောက်လယ်ယာစပါးနှင့် ဆောင်းရာသီ တွင် ခရမ်းချဉ်၊ ငရုတ် ၊ကြက်သွန်၊ခရမ်း စိုက်ပျိုးပါသည်။ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ်ရာသီဥတုမမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံတွေ့ရပါသည်။

ပျဉ်းပင်စမ်းကျေးရွာသည် စပါးအသင့်အတင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ထွက်ရာဒေသဖြစ်ပါသည်။ပျဉ်းပင်စမ်းကျေးရွာတွင် မိုးကောင်းလယ်များနှင့် ယာမြေကိုင်းမြေ များရှိပါသည်။ လယ်သမားများမှာ မိုးရေကိုသာအဓိကအားထား စိုက်ပျိုးရပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သော ဧကမှာ (၅၁၄.၈၈) ဧကရှိပြီး စပါးနှင့်နှမ်းပဲမျိုးစုံ စိုက်ပျိုးကြပါသည်။သဘာဝဆေးဘက်ဝင် အပင်များရှိပြီး အသိပညာ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုမှာ နည်းပါးပါသည်။ကျေးရွာတွင် စားကျက်မြေများမြေလွတ် မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ပျဉ်းပင်စမ်း ကျေးရွာသည် အိမ်ထောင်စုပေါင်း (၄၉)အိမ် ၊ ကျား (၉၈) ၊ မ (၁၀၂) ဦးဖြင့် လူဦးရေပေါင်း (၂၀၀)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ချင်းလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာ၏(၇၀%) ခန့်ရှိပါသည်။ကျေးရွာရှိလူငယ်လူရွယ်များသည် မိမိတို့တတ်စွမ်းသော အလုပ်အကိုင်များဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ပျဉ်းပင်စမ်း ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် အကဲဖြတ်သောဥစ္စာခနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲ ၊ ချမ်းသာမျှတမှုရှိပါသည်။ အိမ်ထောင်စု (၄၉)စု၏ (၅၀%)ခန့်သည်

ဆင်းရဲပြီး (၅၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေကေ (၁)ကေမှ (၂)ကေ ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေကေ (၁)ကေမှ (၈)ကေ ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်/ကုန်သည် လုပ်ကိုင်သူများဖြစ်ကြသည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း ၊ ပျဉ်ကာ ၊ အောက်ခံတိုက် များဖြစ်ပြီး ကုန်တင်ကား ပိုင်ဆိုင်သူများရှိသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားကြောင့် စီးပွားရေး အဆင့်အတန်း ဆင်းရဲ ၊ ချမ်းသာ မျှတမှုရှိပါသည်။

( ဂ) **ဆင်းရဲနွမ်းပါးနှုန်းနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့လက်လုပ်လက်စားများ ဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စု တို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

ပျဉ်းပင်စမ်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိ၊ တုတ်ကွေး၊ ဆီးချို၊ သွေးချို၊ လေးဘက်နာ လေဖြတ်ရောဂါများ နှင့် အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး ဇွန်လနှင့် ဩဂုတ် လမိုးရာသီတွင် သွေးလွန်တုတ်ကွေးများ အဖြစ်များပါသည်။အနီးဆုံးဆေးရုံမှာ (၆)မိုင်ခန့်အကွာတွင် လင်းကယ်တိုက်နယ်ဆေးရုံနှင့် မင်းလှမြို့နယ် ပြည်သူ့ဆေးရုံမှာ (၃၃)မိုင်ခန့်အကွာတွင် သွားရောက်ကုသရပါသည်။

( င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ပျဉ်းပင်စမ်းကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်းပညာရေး အဆင့်သာရှိပြီး ကျန်အများစုသည် အခြေခံ အရေး ၊ အဖတ် ၊ အတွက် ၊ အချက်တတ်မြောက် ကြသည်။ မူလတန်းအဆင့်ရှိသူ ကျား (၈၉) ဦး ၊ မ (၈၉)ဦးရှိပြီး ပေါင်း (၁၇၈)ဦး၊ အလယ်တန်းအဆင့် ရှိသူများ ကျား(၅)ဦး ၊ မ (၈)ဦး ၊ စုစုပေါင်း (၁၃)ဦး ၊

အထက် တန်းအဆင့်ရှိသူ ကျား(၂)ဦး ၊ မ (၇)ဦးရှိပြီး ပေါင်း(၉)ဦး ၊ တက္ကသိုလ်ကောလိပ် အဆင့်ရှိသူ ကျား(၁)ဦး ၊ မ (၁)ဦးရှိပြီး ပေါင်း (၂)ဦး ရှိပါသည်။

( စ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား–မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် – အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား–မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ပျဉ်းပင်စမ်းကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊ အရန်မီးသတ်အဖွဲ့ ၊ မိခင်နှင့်ကလေး ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုး မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြားချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးသင် တန်းများကို ကျေးရွာသို့ လာရောက် ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

( ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

**ပျဉ်းပင်စမ်း**ကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်ကေ (၁၃၁.၀၁)ကေ ၊ ယာမြေ (၃၈၃.၈၇)ကေ၊ စားကျက်မြေ (၅၀) ကေ ရှိပြီး စုစုပေါင်းစိုက်ပျိုးကေမှာ (၅၆၄.၈၈) ကေရှိပါသည်။နှမ်းပဲစဉ်းငုံ၊ မိုးမြေပဲ သီးနှံများအား ကဆုန်၊နယုန်လတွင် စိုက်ပျိုးကြပြီးစပါးကို ဝါဆိုလတွင် စိုက်ပျိုးကြပါ

သည်။ပဲကြီး ၊ ကုလားပဲ၀ါ၊ ဆောင်းမြေပဲကို တော်တလင်းလတွင် စိုက်ပျိုးပါသည်။ နှစ်စဉ် ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါသည်။ ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များထံမှ ငှားရမ်းအသုံးပြုရပါသည်။ လုပ်သား ရှားပါး သောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နှမ်းစိုက်ခင်း များတွင် ဖျက်ပိုးများ ပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည် ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြ ပါသည်။ ကျေးရွာတွင် မွေးမြူရေးကို တပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိကြပါသည်။ကျေးရွာတွင် ငွေချေး ပေးသူများထံမှ ချေးငှား၍ ရသော်လည်း အတိုးနှုန်း မြင့်မားပါသည်။ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို မင်းလှ မြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

## ( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ပျဉ်းပင်စမ်းကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ လက်ယက်ကန်း ၊ စက်ချုပ်လုပ်ငန်း ၊ နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ၊ ဈေးရောင်း ၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်ခြင်း ကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ် ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများတစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊မုန့်လုပ်နည်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ မိုဘိုင်းဖုန်း ပြုပြင်ခြင်း၊ အလှ ပြင်၊တွင်ခုံ၊ဝပ်ရှော့ စသည့်အသက်မွေးဝမ်းကျောင်း သင်တန်းများ နှင့် ရွာသားအများ စုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူ ထောင်ရန် လည်း မတတ်နိုင်ကြ၍ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ် သင်ကြား နိုင်ကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ပျဉ်းပင်စမ်းကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ကျွန်း ၊ ရှား ၊ သစ်ရာ ၊ ပိတောက် ၊ ဒဟတ် ၊ သန်းနှင့် ဇီးစသည့် ဆူးခြုံတောအုပ်များရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျသော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော ၊ တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာရောက်စေပါမည်။

## ( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ပျဉ်းပင်စမ်းကျေးရွာရှိ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်ဧကေ(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ချေးယူနိုင်ကြပါသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု့ မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ကျေးရွာသားများသည် ချေးငွေများကို အကြောင်း အရင်းမျိုးစုံ၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေးတို့အတွက် အထူးသဖြင့်စားနပ်ရိက္ခာ အတွက် ချေးယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု များအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၁၅%)နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ အနေဖြင့် နိုင်ငံတော်မှ ချေးယူ စီမံကိန်းများ (ဥပမာ-မြစိမ်းရောင် ကျေးရွာစီမံကိန်း) ချထားရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။

## ( စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ပျဉ်းပင်စမ်းကျေးရွာတွင် ပညာရေးအနေဖြင့် မူလွန်အဆင့်ရှိပြီး သွပ်မိုး ၊ ကျောင်းအဆောင် (၁)ဆောင်ရှိပါသည်။ ထို့ကြောင့် မူလတန်းလွန်းကျောင်းဖြစ်သဖြင့် ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ကျောင်းတွင်လည်း ကျောင်းပရိဘောဂ ၊ကစား ကွင်း ၊ သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ ၄၇း၁အထက်ရှိခြင်းကြောင့် အတန်းလိုက်အားဖြင့် ဆရာ/ ဆရာမ လုံလောက်မှု မရှိပါ။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူ မရှိရ ဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး)သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသောကြောင့် ဗဟုသုတနည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် KG တန်းမှ တက္ကသိုလ်ကောလိပ်အထိ ပညာ သင်ကြားနေသူ (၃၅)ယောက်ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိက ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍအတွက် အခြေခံအဆောက် အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံ အိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်း ၊ ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာ ချထားပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းမရှိသည့်အတွက် အရေးပေါ်ကအခြေအနေဖြစ်ပေါ်လာပါက ကျေးရွာမှ (၃၃) မိုင်ခန့်ကွာဝေးသော မင်းလှမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရာတွင် အရေးပေါ်လူနာများ၏ အသက်အာမခံချက်မှာ များစွာအားနည်းပါသည်။

သို့သော် သောက်သုံးရန်အတွက် ရေငံနေခြင်းကြောင့် ကျန်းမာရေးနှင့် မညီညွတ်ပါ။ သုံးရေ၊ ချိုးရေအတွက်သာ အသုံးဝင်ပါသည်။မိုးရာသီတွင် ချောင်းရေကို သာသုံးစွဲရပါသည်။ ကျေးရွာတွင် လက်တူးတွင်း(၃)တွင်း၊ မြေသားရေကန် (၂)ကန်ရှိသော်လည်း ရေမနေသည့်အတွက် မိုးကုန်လျှင် ရေမရှိပါ။ ကျေးရွာအနေဖြင့် တစ်နှစ်ပတ်လုံး ရေလုံလောက်မှု မရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် သောက်သုံး ရေအတွက် ရေကန်ကို ရေနေသောကန် ဖြစ်အောင် ပြုပြင်မွမ်းမံပေး စေလိုပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပါသည်။ ကျေးရွာတွင်း၌ စာကြည့်တိုက်မရှိခြင်း၊ စာပေဟောပြောပွဲများမရှိခြင်း တို့ကြောင့် လူငယ်များမှာ

အလုပ်လုပ်ချင်သော်လည်း ဗဟုသုတမရှိခြင်းကြောင့် စနစ်တကျ အလုပ် မလုပ်တတ်သည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလီဘောကစားခြင်းနှင့် ကစားကွင်းရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ပျဉ်းပင်စမ်းကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ညီညာမှုမရှိပါ မိုးတွင်း ကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား ၊ လှည်း ၊ နွားများကို အသုံးပြုသောကြောင့် ရွှံ့ဗွက်များ ရှိခြင်းကြောင့် သွားလာရခက်ခဲပါသည်။ ကျေးရွာသည် သရက်–မင်းလှ ကားလမ်းမှ(၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး မြေသားလမ်းမှာ(၂)မိုင်ခန့်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ ပျဉ်းပင်စမ်းကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု မရှိပါ။အဆင်ပြေသော မိသားစုများသည် ဆိုလာပြားများ ဝယ်ယူသုံးစွဲနိုင်သော်လည်း အဆင်မပြေသော မိသားစုများမှာ မီးသုံးစွဲနိုင်မှုမရှိသေး သည်ကို တွေ့ရှိရပါသည်။ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ ဆိုလာပြားများ တပ်ဆင်ပေးစေလိုသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး အခြားအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ ရှိရပါသည်။

ပျဉ်းပင်စမ်းကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု မရှိ၍ တည်ငြိမ်အေးချမ်းစွာရှိပါသည်။ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာ တတ်စေရန် နယ်မြေရဲကင်းမှ တစ်နှစ်တစ်ကြိမ်(သို့) နှစ်ကြိမ်ခန့်မျှ မှုခင်းဖြစ်ပွားမှု နည်းအောင် ပညာပေးဟောပြောပွဲများ လာရောက်ပြုလုပ်သည့်အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိကြပါသည်။ကျေးရွာတွင် သဘာဝ ဘေးအန္တရယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ နေ့စဉ် မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း မီးဆိုသည်မှာ တကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်းသင်တန်းများ ပေးစေလိုပါသည်။

( ၈) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ပျဉ်းပင်စမ်းကျေးရွာရှိ လူဦးရေ၏ ၇၅%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်း မွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအား ဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ မပို့ဆောင်နိုင်။ လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချရန်ခက်ခဲပါသည်။

ကျေးရွာရှိ အချို့သောအိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ် နွားများကိုလည်းမွေးမြူကြသည်။ကြက်များကို ဟင်းစားအဖြစ်သာ မွေးမြူကြသည်။ မွေးမြူရေး အတွက် အလားအလာကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်သည်။

(၂) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ပျဉ်းပင်စမ်းကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်း လျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အတွက်ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ပဲကြီးနှင့် နှမ်းသီးနှံ

များတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုး သတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကိုလိုလားကြသည်။စိုက်ပျိုးရေး စရိတ်အတွက်ပုံစံ(၇) ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှအတိုး ကြီးစွာချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများ အတွက်အလွယ်တကူရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေး နှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ် မရှိသေးပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသ တွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာ နှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့် အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင် ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်ပါသည်။ အထူးသဖြင့် တောင်သူ များနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွား ရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ် လျှက်ရှိပါသည်။

# မင်းလှမြို့နယ်ကျောက်ပန်းတောင်းကျေးရွာအုပ်စု ၊ ပျဉ်းပင်စမ်းကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်းများ | - မြေသားလမ်းဖြစ်နေခြင်း | - ကျေးရွာလူထုမှလုပ် | - | - ရွာတွင်းလမ်းကွန်ကရစ် | -ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| | မကောင်းခြင်း | - ရွှံ့ဗွက်များထူနေခြင်း | အားနှင့်ငွေကြေးထည့် | | ခင်းခြင်း | |
| | -စိုက်ပျိုးသီးနှံများသယ်ယူ | - မြေစီးများဖြစ်နေပြီး မိုး | ဝင်နိုင်ခြင်း | | ကျေးလက်ဦးစီးဌာနနှင့် | |
| | ရန်လမ်းမကောင်းခြင်း | ရာသီတွင် သွားလာရ | | | ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| | | ခက်ခဲခြင်း | | | | |
| | -လျှပ်စစ်မီးမရရှိခြင်း | -မြို့နှင့်အလှမ်းကွာဝေးခြင်း | | -ငွေကြေးမတတ်နိုင်ခြင်း | -မီးလင်းရေးကော်မတီဖွဲ့ | -တစ်အိမ်သုံးဆိုလာစနစ်တင်ပြ |
| | | -မဟာဓါတ်အားလိုင်းနှင့် | | | စည်း၍ကျေးလက်ဦးစီးဌာန | တောင်းခံခြင်း |
| | | ဝေးကွာခြင်း | | | နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | ကျေးရွာတွင်သောက်သုံး | -ရေသယ်ယူရန်ကျေးရွာတွင် | -ကျေးရွာလူထုမှလုပ် | - ငွေကြေးမတတ်နိုင် | ရေကော်မတီဖွဲ့စည်း၍ | -စင်မြင့်ရေစင်တည်ဆောက်ခြင်း |
| | ရေအလွယ်တကူမရရှိခြင်း | လှည်း၊နွား ရှားပါးခြင်း | အားထည့်ဝင်နိုင်ခြင်း | | ကျေးလက်ဦးစီးဌာနနှင့် | -အိမ်တိုင်ရာရောက်ရေသွယ်စနစ် |
| | | | -ရေစုကန်တည်ဆောက် | | ချိတ်ဆက်ဆောင်ရွက်ခြင်း | ဆောင်ရွက်ခြင်း |
| | | | ရန်မြေနေရာရှိခြင်း | | | |
| ၃ | **ပညာရေး** | | | | | |
| | ကျောင်းအဆောက်အဦ | -ကျောင်းသားဦးရေတိုး | -စာသင်ဆောင်ဆောက် | -ငွေကြေးမတတ်နိုင် | -ပညာရေးဌာနအားလို | -စာသင်ကျောင်းဆောင် |
| | မလုံလောက်ခြင်း | ပွားလာခြင်း | လုပ်ရန်မြေနေရာရှိခြင်း | ခြင်း | အပ်ချက်များတောင်းခံခြင်း | သစ်ဆောက်လုပ်ခြင်း |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၄ | ၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃ | ၁၀ | ၁၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၁၂ | ၂၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၂ | ၆၉ | ၁၄၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၆ | ၁၂ | | |
| စုစုပေါင်း | | ၉၈ | ၁၀၂ | ၂၀၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၄၉ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ပျဉ်းပင်စမ်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၉)စုရှိပြီး ကျား(၉၈)ဦး၊မ(၁၀၂)ဦးစုစုပေါင်း (၂၀၀) ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄)ဦးနှုန်းရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင်အလုပ် လုပ်နိုင်သည့်အရွယ် (၁၆၈)ဦး ရှိသော်လည်းထိုသူများအတွက် အလုပ်ပေးနိုင်မှု အားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်း | အဓိက အလုပ်အကိုင် | အဓိက | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | များ | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၉ | ၁၆၈ | | ၈၁ | ၈၇ | | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖြေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သ | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | မား / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | စုစုပေါင်း | ၃၉ | | | ၈၁ | ၈၇ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာနေလူထုမှာ အဓိကလယ်ယာအလုပ်ကိုင်ကိုသာ လုပ်ကိုင်ကြ၍ သဘာဝပေးသော ရာသီဥတုနှင့်ပြုလုပ်ကြရသဖြင့် ရာသီဥတုမမှန်ခြင်းကြောင့် လုပ်အားနှင့်တွက်လျှင် ဝင်ငွေရနည်းသည်ကိုတွေ့ပါသည်။ အခြားဝင်ငွေရရန် အလုပ်အကိုင်မှာ(၁)လလျှင် (၁၀)ရက်ထက်ပို၍ အလုပ်အကိုင်မရှိခြင်းကြောင့် အချိန်ကုန်သော်လည်း ဝင်ငွေမရှိခြင်းကိုလေ့လာတွေ့ရှိရပါသည်**

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာအလုပ် ကျား(၃၀၀၀)၊ မ (၂၅၀၀) ၃၀၀၀/ိ ဆိုသည်မှာ အရေးကြီးရက်များ တွင်သာရရှိပြီး ပုံမှန်မှာ ၂၀၀၀ သာဖြစ်သည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ အလုပ်မှာ အလုပ်လုပ် နိုင်သူမှာ (၅) ရာခိုင်နှုန်းသာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၁.၀၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၈၃.၈၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၅၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၅၆၄.၈၈ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေမှာ (၁၃၁.၀၁)ဧကရှိသော်လည်း လယ်စိုက်ပျိုးနိုင်မှုမှာ (၂) နှစ်(၁) နှစ်သာ စပါးသီးနှံအောင်မြင်မှု တွေ့ရှိပြီး ယာမြေမှာ (၃၈၃.၈၇)ဧကရှိသော်လည်း သဘာဝကြောင့် မြေဆီပျက်စီးမှု ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် သီးနှံအထွက်နှုန်းမှာ စပါးတစ်ဧက ၅၀ တင်းထွက်ရှိပြီး ကျန်သီးနှံမှာ မျိုးဆုံးနှစ်ရှိ ခဲ့ပြီး စားကျက်မြေများ ပေါ်များသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက ☑ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ | များ ☐ သင့် ☑ နည်း | လွယ် ☐ ခက် ☑ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | ☐ မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာပတ်ဝန်းကျင်တွင် ဓာတ်သတ္တုနှင့် တွင်းထွက်သယံဇာတထွက်ရှိမှု မရှိပါ ကန်ရေနှင့်တွင်းရေကိုသာ သောက်သုံးရေကြရပါသည်။ ရွှေ့ပြောင်းယာသစ်တောခေါ် စားကျက်မြေနှင့် ကျေးရွာပြည်သူများ သစ်၊ ဝါး၊ ထင်း အသုံးပြုရန် ရွာပိုင်သစ်တော အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၂၀ | ၁၄ | ၈ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝင်ငွေအလွန်ကောင်းသူနည်းပါးပြီး ဝင်ငွေအသင့်အတင့်မှာ

ပြည်ပတွင် အလုပ်လုပ်ကိုင်သူများသာဖြစ်ပြီး ဝင်ငွေနည်းသူများမှာ တောင်သူများဖြစ်သဖြင့် စိုက်ပျိုးမှုမှာ ရာသီဥတုတို့ကြောင့် လုပ်အားနှင့်ဝင်ငွေမှာမမျှခြင်း ဝင်ငွေအလွန်နည်းသော အိမ်ထောင်စုများမှာ လယ်ယာမြေကေပိုင်ဆိုင်မှု အလွန်နည်းခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ဝင်ငွေအလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

